## Refugee Seniors in the United States

Full Script

| Time | Speakers | Script |
|---|---|---|
| 0:09-0:41 | Moti and Kaushila Rizal, Bhutan | We were in Bhutan and we were treated very cruelly by the Bhutanese government.<br><br>ကျတော်တို့ က ဘူတန်မှာနေခဲ့ပါတယ်။ အဲဒီမှာနေတုံးက ဘူတန်အစိုးရက ကျတော်တို့ ကို ကြမ်းကြမ်းတန်းတန်းဆက်ဆံပါတယ်။<br><br>There was gunfire, that's why we had to abandon our property and leave Bhutan.<br><br>ပစ်ခတ်တိုက်ခိုက်မှုတွေကြောင့် ကျနော်တို့ ပိုင်ဆိုင်မှုတွေကို စွန့်ပြီး ဘူတန်ကနေ ထွက်လာခဲ့ရတာပါ။<br><br>We had gathered all our food at home, but we were unable to eat. The children were very young. We grabbed some chickens and left in the middle of the night.<br><br>ကျမတို့ အိမ်မှာရှိတဲ့ အစားအသောက်တွေအားလုံးသယ်လာပေမယ့် မစားနိုင်ပါဘူး။ ကလေးတွေကလည်း အရမ်းငယ်သေးတယ်။ ကြက်တွေကိုသယ်လာခဲ့ပြီး ညနက်နက်ထဲမှာပဲ ထွက်လာခဲ့ပါတယ်။<br><br>We left in the middle of the night. Early in the morning we were in India.<br><br>အဲသလို ညဥ့်နက်နက်ထဲထွက်လာခဲ့ပြီး မနက်ရောက်တော့ အိန္ဒိယနိုင်ငံကို ရောက်လာခဲ့ပါတယ်။ |
| 0:40-0:43 | (Off camera) | Did you walk?<br><br>ခြေလျင်လျှောက်ခဲ့ရလား။ |
| 0:43-0:52 | Moti and Kaushila Rizal, Bhutan | Yes, we walked. When we were in India it was daylight.<br><br>ဟုတ်။ ခြေလျင်လျှောက်ခဲ့ရပါတယ်။ အိန္ဒိယနိုင်ငံမှာရှိတုံးကတော့ |

This document is a product of the Orientation Technical Assistance Project, funded by the Office of Refugee Resettlement, Administration for Children and Families, Department of Health and Human Services, Grant No. 90RB0037. The views herein do not necessarily represent views held by the Office of Refugee Resettlement.

| | | |
|---|---|---|
| | | နေလည်ခင်းပေါ့။<br><br>The kids said they were hungry, but we had nothing to eat. There were tears rolling down my cheeks, and the kids were crying too.<br><br>ကလေးတွေကဗိုက်ဆာတယ်ပြောပေမယ့် ကျမတို့ မှာ စားစရာဘာမှမရှိပါဘူး။  ကျမရဲ့ ပါးပြင်မှာ မျက်ရည်တွေကျခဲ့ရသလို ကလေးတွေလည်း ငိုခဲ့ရပါတယ်။ |
| 0:59-1:22 | Moti and Kaushila Rizal, Bhutan | We wanted to go back to Bhutan, Bhutan, Bhutan, but nothing happened.  Since we could not go back, there were organizations that wanted to help us.<br><br>Finally we are here and let's see how it goes.<br><br>ကျနော်တို့  ဘူတန်ကို ပြန်ချင်ပါတယ်။ ဒါပေမယ့်  ဖြစ်မလာပါဘူး။ ကျနော်တို့  ပြန်လို့ မရတဲ့အတွက်  ကျနော်တို့ ကို ကူညီတဲ့အဖွဲ့ အစည်းတွေတော့ရှိပါတယ်။ နောက်ဆုံးတော့ ကျနော်တို့ ဒီကိုရောက်လာပါတယ်။  ဘယ်လိုရှေ့ ဆက်သွားရမလဲဆိုတာ စောင့်ကြည့်ရဦးမှာပဲ။<br><br>People said you have to be able to do anything and eat anything in America.  During orientation, we were told we can practice our own beliefs.  For people who want to practice their traditions, they can do so, and we are doing the same.<br><br>အမေရိကားက ဘာမဆိုလုပ်နိုင်ရမယ်၊ စားနိုင်ရမယ်လို့ လူတွေကတော့ပြောကြတာပဲ။  orientation တုံးကလည်း ကျတော်တို့ ကိုးကွယ်တဲ့ဘာသာကို  ဆက်ကိုးကွယ်နိုင်လိမ့်မယ်လို ပြောပါတယ်။ ရိုးရာဓလေ့တွေကို ဆက်လက်ကျင့်သုံးချင်တယ်ဆိုရင်လည်းရတယ်လို့ ဆိုပါတယ်။ ကျနော်တို့ ဒီလိုပဲနေနေကြတာပါပဲ။ |
| 1:34-1:37 | Salah Razoqi, Iraq | The weather is so beautiful today. |

This document is a product of the Orientation Technical Assistance Project, funded by the Office of Refugee Resettlement, Administration for Children and Families, Department of Health and Human Services, Grant No. 90RB0037. The views herein do not necessarily represent views held by the Office of Refugee Resettlement.

| | | |
|---|---|---|
| | | ဒီနေ့ ရာသီဥတုက သိပ်လှတာပဲ။ |
| 1:36-1:38 | (Off camera) | It really is.<br><br>တကယ်ပါပဲ။ |
| 1:39-2:24 | Salah Razoqi, Iraq | I wish the weather were like this every day.<br><br>ဒီလို ရာသီဥတုမျိုးနေ့ တိုင်းရရင် သိပ်ကောင်းမှာပဲ။<br><br>The people are so nice, the streets are so beautiful.<br><br>လူတွေကလည်း သဘောကောင်းကြတယ်။ လမ်းတွေကလည်း သိပ်လှတာပဲ။<br><br>As you know, there was a war in Iraq and a lot of crisis there. A lot of things were not available for Iraqis – no electricity, no water, just darkness.<br><br>သိကြတဲ့အတိုင်းပဲ အီရပ်မှာစစ်ဖြစ်နေပြီး ပြဿနာအမျိုးမျိုးကြုံနေရပါတယ်။ အီရပ်ပြည်သူတွေ ဆုံးရှုံးတာတွေအများကြီးရှိပါတယ်။ လျှပ်စစ်မီး၊ ရေမရှိပါဘူး။ အမှောင်ထဲမှာပဲနေရပါတယ်။<br><br>Of course, here in America, thank God there's safety and electricity exists. There's a better life here. People are so nice and the country is so clean. Thank God we're very comfortable here.<br><br>အမေရိကားမှာတော့ လုံခြုံတယ်၊ လျှပ်စစ်မီးရှိတာ ဘုရားကျေးဇူးပေါ့။ လူနေမှုကလည်းပိုကောင်းတယ်လေ။ လူတွေကလည်းသဘောကောင်းသလို တိုင်းပြည်ကလည်းသန့်ရှင်းတယ်။ ဒီမှာနေရတာ သက်တောင့်သက်တာရှိပါတယ်။ ဘုရားကျေးဇူးပါ။ |
| 2:25-3:02 | Salah Razoqi, Iraq | Our first goal here in America was to learn English. I speak English with my wife, my daughters, and my son. Our TV and cable is in English so we hear English all the time. Sometimes I go to the supermarket and speak English with the employees. Besides that, my caseworker gives me lessons 2-3 days per |

This document is a product of the Orientation Technical Assistance Project, funded by the Office of Refugee Resettlement, Administration for Children and Families, Department of Health and Human Services, Grant No. 90RB0037. The views herein do not necessarily represent views held by the Office of Refugee Resettlement.

| | | |
|---|---|---|
| | | week. So thank God we're learning.<br><br>အမေရိကားက ကျနော်တို့ ရဲ့ ပထမဆုံးရည်မှန်းချက်က အင်္ဂလာသင်ကြားလေ့လာဖို့ ပါ။ ကျနော့်ဇနီး၊ သားသမီးတွေနဲ့ အင်္ဂလိပ်လိုပြောတယ်။ တီဗွီကလည်း အင်္ဂလိပ်လိုပဲလာတော့ အင်္ဂလိပ်စကားကိုပဲ အမြဲကြားနေရတယ်။ တခါတလေ ဈေးတွေဘာတွေသွားရင် အဲဒီမှာအလုပ်လုပ်တဲ့သူတွေနဲ့ အင်္ဂလိပ်လိုပြောတယ်။ ဒ့ါအပြင် ကျနော့် case worker က တပတ်ကို ၂ ရက် ၃ ရက် အင်္ဂလိပ်စာသင်ပေးတယ်။ ခုလို သင်ကြားခွင့်ရတာ ဘုရားကိုကျေးဇူးတင်ပါတယ်။ |
| 3:03-3:05 | ESL teacher 1 | Ah, good morning.<br><br>မင်္ဂလာမနက်ခင်းပါ။ |
| 3:06-3:07 | ESL class | Good morning<br><br>မင်္ဂလာမနက်ခင်းပါ။ |
| 3:07-3:09 | ESL teacher 1 | How are you today?<br><br>ဒီနေ့ နေကောင်းပါသလား။ |
| 3:09-3:10 | ESL class | Good.<br><br>ကောင်းပါတယ်။ |
| 3:11-3:23 | Shay Mahat, Somalia | I came from Somalia. I left because of the war.<br><br>ကျနော် ဆိုမားလီးယားနိုင်ငံကလာပါတယ်။ စစ်ဘေးစစ်ဒဏ်ကြောင့်ထွက်လာခဲ့ရတာပါ။ |
| 3:24-3:25 | ESL teacher 1 | Where are you from?<br><br>ဘယ်နိုင်ငံကပါလဲ။ |
| 3:26-3:27 | Shay Mahat, Somalia | I am from Somalia.<br><br>ဆိုမားလီးယားနိုင်ငံကပါ။ |
| 3:28-3:40 | Shay Mahat, | First, my wife and my 4 children came here. Then, after 5 years |

This document is a product of the Orientation Technical Assistance Project, funded by the Office of Refugee Resettlement, Administration for Children and Families, Department of Health and Human Services, Grant No. 90RB0037. The views herein do not necessarily represent views held by the Office of Refugee Resettlement.

| | | |
|---|---|---|
| | Somalia | I came.<br><br>ပထမဦးဆုံး ကျနော့် ဇနီးနဲ့ ကလေး ၄ ယောက်အရင်လာပါတယ်။ အဲဒီနောက် ၅ နှစ်ကြာပြီးမှ ကျနော်လာခဲ့တာပါ။ |
| 3:41-3:42 | ESL teacher 1 | Do you have children?<br><br>ကလေးရှိပါသလား။ |
| 3:43-3:47 | Shay Mahat, Somalia | Yes, I have two, three, four. Four. Four children.<br><br>ဟုတ်ကဲ့။ ၂၊ ၃၊ ၄ ... ကလေး ၄ ယောက်ရှိပါတယ်။ |
| 3:48-4:09 | Shay Mahat, Somalia | School isn't bad, it's good. When I go there in the morning... School isn't bad for me, it's fine. Those who are wise can and those who are not, don't get it.<br><br>ကျောင်းက မဆိုးဘူး။ ကောင်းပါတယ်။ ကျောင်းကို မနက်ခင်းရောက်သွားတော့ သိပ်မဆိုးလှပါဘူး။ တော်ရုံတန်ရုံ ဉာဏ်ကောင်းတဲ့သူအတွက်ဆိုရင် မခက်ပါဘူး။ ဒါမှမဟုတ်ရင်တော့ ခက်နိုင်ပါတယ်။ |
| 4:10-4:53 | Ma Khin Nwe Nwe, Burma<br><br>မခင်နွယ်နွယ် | If you live as a refugee in Malaysia, you are subject to get arrested. And there is not any social support at all. You'll be in big trouble. It's much worse in Malaysia. But for me, I had a husband, so I didn't have such trouble.<br><br>မလေးရှားမှာ ဒုက္ခသည်အနေနဲ့ နေတာ အချိန်မရွေးအဖမ်းခံရနိုင်ပါတယ်။ လူမှုရေးဆိုင်ရာ ထောက်ပံ့မှုတွေလည်းမရှိတော့ အကြီးအကျယ်ဒုက္ခရောက်နိုင်ပါတယ်။ မလေးရှားမှာ ဒီ့ထက်အများကြီးဆိုးပါတယ်။ ကျမကတော့ အမျိုးသားရှိတယ်ဆိုတော့ ဒီလောက်ဒုက္ခမကြုံခဲ့ရပါဘူး။<br><br>When I first came here, there were only Chin and Karen people around here. There are ethnic groups from Burma. With their help, here I am, the only Burman. I live with them as my own family and children in this house.<br><br>ကျမဒီကိုရောက်စက ဒီအနီးအနားမှာ ချင်းနဲ့ |

This document is a product of the Orientation Technical Assistance Project, funded by the Office of Refugee Resettlement, Administration for Children and Families, Department of Health and Human Services, Grant No. 90RB0037. The views herein do not necessarily represent views held by the Office of Refugee Resettlement.

| | | |
|---|---|---|
| | | ကရင်တိုင်းရင်းသားတွေပဲရှိပါတယ်။ သူတို့ က မြန်မာနိုင်ငံက တိုင်းရင်းသားတွေပါပဲ။ သူတို့ ရဲ့ အကူအညီနဲ့ ဒီမှာ ကျမက ဗမာလူမျိုးတယောက်ထဲပါ။ သူတို့ ရဲ့ ကိုယ့်ရဲ့ မိသားစု၊ ကလေးတွေလိုပဲ ဒီအိမ်မှာနေပါတယ်။ |
| 4:54-4:55 | ESL teacher 1 | Where are you from?<br><br>ဘယ်နိုင်ငံကပါလဲ။ |
| 4:56-4:57 | Ma Khin New New, Burma | I am from Burma.<br><br>ကျမ မြန်မာနိုင်ငံကပါ။ |
| 4:57-4:59 | ESL teacher 1 | Burma.<br><br>□မြန်မာနိုင်ငံ |
| 4:59-5:15 | Ma Khin Nwe Nwe, Burma | It would be good if refugees have learned some basic English, and if they're able to work. There will be some difficulties if they aren't able to work like me.<br><br>ဒုက္ခသည်တွေအနေနဲ့ အခြေခံအင်္ဂလိပ်စာကို ကြိုတင်လေ့လာထားကြရင် အလုပ်လုပ်နိုင်ကြရင် ပိုကောင်းမယ်ထင်ပါတယ်။ ကျမလိုမျိုးအလုပ်မလုပ်နိုင်ဘူးဆိုရင်တော့ အခက်အခဲတချို့ ကြုံရနိုင်ပါတယ်။ |
| 5:16-5:35 | Mohammed Mohammed, _____ | The most difficult thing when you come to America is if you can't speak English. It will be hard.<br><br>အမေရိကားမှာ အကြီးမားဆုံးအခက်အခဲကြုံနိုင်တာက အင်္ဂလိပ်လိုမပြောတတ်ရင်ပါပဲ။ ခက်ကိုခက်ခဲပါလိမ့်မယ်။<br><br>I came here to America and I found life is different and everything is organized.<br><br>ကျနော်အမေရိကားကိုရောက်လာတော့ နေရထိုင်ရတာမတူတော့ပါဘူး။ အားလုံးက စနစ်တကျရှိနေသလိုပဲ။ |

This document is a product of the Orientation Technical Assistance Project, funded by the Office of Refugee Resettlement, Administration for Children and Families, Department of Health and Human Services, Grant No. 90RB0037. The views herein do not necessarily represent views held by the Office of Refugee Resettlement.

| | | |
|---|---|---|
| | | There's a war over there and it's well known.<br><br>ဟိုမှာက စစ်ပွဲဖြစ်နေတာ အားလုံးသိကြတဲ့အတိုင်းပါပဲ။ |
| 5:36-6:02 | Mohammed Mohammed, _____ | I work at "First Star Paper".<br><br>ကျနော် "First Star Paper" မှာ အလုပ်လုပ်ပါတယ်။<br><br>I work with a group of other people during the night shift. We collect the papers and organize them in cartons then take them to the warehouse.<br><br>ကျနော် ညပိုင်း shift မှာ တခြားလူတစုနဲ့ လုပ်ရပါတယ်။ စာရွက်စာတမ်းတွေကိုစုပြီး ပုံးတွေထဲ စီထည့်၊ ပြီးတော့ ဂိုဒေါင်ကိုသယ်သွားရပါတယ်။<br><br>I can barely speak English, but I have friends who speak English. It's hard, but hopefully we'll learn the language.<br><br>ကျနော်အင်္ဂလိပ်စကားကို မပြောတတ်သလောက်ပါပဲ။ ဒါပေမယ့် ကျနော့်မှာ အင်္ဂလိပ်လိုပြောတတ်တဲ့ မိတ်ဆွေတွေရှိပါတယ်။ ဒါကြောင့် ကျနော့်အတွက်ခက်ပါတယ်။ တဖြည်းဖြည်းနဲ့ တော့ တတ်လာမယ်လို့ မျှော်လင့်ရတာပါပဲ။ |
| 6:03-6:16 | ESL teacher 1 | So everybody now has two homes, has two homes, and this is okay. You have one home that has your heart, your memories, and one home here. How are you this morning?<br><br>ကဲ ဒီတော့ အားလုံးမှာ အိမ်နှစ်လုံးစီရှိနေကြတယ်မလား။ ဒါသဘာဝကျပါတယ်။ စိတ်ထဲက တမ်းတနေတဲ့အိမ်တလုံးနဲ့ ခုဒီမှာနေ နေရတဲ့အိမ်တလုံး။<br>ဒီမနက်အားလုံးနေကောင်းကြတယ်မဟုတ်လား။ |
| 6:17-6:18 | Moti and Kaushila Rizal, Bhutan | I'm fine.<br><br>ကောင်းပါတယ်။ |
| 6:18-6:19 | ESL teacher 1 | You are fine.<br><br>ကောင်းပါတယ်။ |

This document is a product of the Orientation Technical Assistance Project, funded by the Office of Refugee Resettlement, Administration for Children and Families, Department of Health and Human Services, Grant No. 90RB0037. The views herein do not necessarily represent views held by the Office of Refugee Resettlement.

| | | |
|---|---|---|
| 6:19-6:42 | Moti and Kaushila Rizal, Bhutan | I feel like they teach us well, and I know my stuff during the class, but I tend to forget afterwards. Little by little I'm learning, it's great that they're teaching us. They're teaching us well. We learn there and then when we leave school, and by the time we arrive at home, we forget. What happened?<br><br>သူတို့ အသင်အပြကောင်းကြပါတယ်။ အတန်းထဲမှာရှိနေတုံးကတော့ ကျမရသလိုနဲ့ နောက်တော့ ကျမ မေ့မေ့သွားတတ်ပါတယ်။ နည်းနည်းစီတော့ ကျမ သင်ယူနေပါတယ်။ သူတို့ အခုလိုသင်ပေးတာကလည်း အင်မတန်ကောင်းပါတယ်။ သူတို့ ကလည်း တကယ့်ကိုကောင်းကောင်းသင်ပေးပါတယ်။ ကျမတို့ အတန်းထဲမှာသင်တယ်။ အတန်းဆင်းပြီး အိမ်ပြန်ရောက်တော့ သင်ထားတာတွေ မေ့သွားပြန်ရော။ ဘာဖြစ်သွားပါလိမ့်နော်။ |
| 6:42-7:10 | Salah Razoqi, Iraq | Of course, when someone can't speak English here, it's very hard. But I'll tell you something. If someone has relatives here, it will help a lot. Like my wife – she can speak English as well as my daughters. My son also speaks English and even I have a good background in English, but if someone doesn't speak English, they have to learn.<br><br>ဒီမှာ အင်္ဂလိပ်လိုမတတ်တဲ့သူအတွက် အရမ်းခက်ခဲတာပေါ့။ ဒါပေမယ့် တခုပြောချင်တာက ... ဆွေမျိုးအသိုင်းအဝိုင်းရှိတဲ့သူအတွက်ကတော့ အများကြီးသက်သာပါတယ်။ ကျနော့် ဇနီးနဲ့ သမီးတွေက အင်္ဂလိပ်လိုတတ်ကြပါတယ်။ ကျနော့်သားလည်း ပြောတတ်ပါတယ်။ ကျနော်နဲ့ အင်္ဂလိပ်အခြေခံကောင်းပါတယ်။ အင်္ဂလိပ်လိုမတတ်တဲ့သူတွေအနေနဲ့ ကတော့ သင်ကိုသင်ယူဖို့ လိုအပ်ပါတယ်။ |
| 7:11-7:15 | Salah Razoqi, Iraq | But as I said, you need to be patient.<br><br>ဒါပေမယ့် ခုဏကပြောခဲ့သလို စိတ်ရှည်ဖို့ ကတော့ လိုအပ်ပါတယ်။ |
| 7:15-7:16 | ESL teacher 2 | Good morning! |

This document is a product of the Orientation Technical Assistance Project, funded by the Office of Refugee Resettlement, Administration for Children and Families, Department of Health and Human Services, Grant No. 90RB0037. The views herein do not necessarily represent views held by the Office of Refugee Resettlement.

| | | |
|---|---|---|
| | | မင်္ဂလာမနက်ခင်းပါ။ |
| 7:16-7:17 | Moti and Kaushila Rizal, Bhutan | Good morning.<br><br>မင်္ဂလာမနက်ခင်းပါ။ |
| 7:18-7:20 | ESL teacher 2 | Hi. Have a seat.<br><br>ထိုင်ပါရှင်။ |
| 7:21-8:05 | Moti and Kaushila Rizal, Bhutan | My help… I have insurance for the hospital and medicine. I'm taking those medications. If I have to go to the hospital, I ask my kids or I just stay home because I can't go anywhere by myself.<br><br>ကျမအတွက် ဆေးရုံနဲ့ ဆေးဝါးအတွက် အာမခံရှိပါတယ်။ ကျမ ဆေးတွေကိုလည် မှီဝဲနေရပါတယ်။ ကျမအနေနဲ့ ဆေးရုံသွားရမယ့်ဆိုရင် ကျမသားသမီးတွေနဲ့ သွားရပါတယ်။ ဒါမှမဟုတ်ရင် ကျနော်အိမ်မှာပဲနေပါတယ်။ ဘာလို့လဲဆိုတော့ ကျမ တယောက်ထဲ ဘယ်ကိုမှမသွားတတ်လို့ပါ။<br><br>I think, "Where am I?" and I get lost. I haven't learned to get around here. When I look at the signs, I just understand "bus" and "train" and nothing else. I understand that because I learned something in the village.<br><br>ကျမ ဘယ်နေရာကိုများရောက်နေလဲဆိုတာစဉ်းစားရတယ်။ လမ်းပျောက်တယ်။ ဒီမှာ ဘယ်လိုသွားလာရတယ်ဆိုတာ မသိသေးပါဘူး။ ဆိုင်းဘုတ်တွေကိုကြည့်ရင်လည်း ဘတ်စ်ကားလား ရထားလား ဒါပဲသိပါတယ်။ ကျန်တာမသိပါဘူး။ ရွာမှာနေတုံးက တချို့သင်ထားလို့ နည်းနည်းတော့ သိနေတာပါ။<br><br>I wonder how we will spend our lives in the future. I can't get around by myself. I really can't.<br><br>ဒီမှာရှေ့ဆက် ဘယ်လို သက်ရှင်နေထိုင်ရမလဲမသိပါဘူး။ ဘယ်ကိုမှလည်း ကိုယ့်ဟာကိုယ်မသွားတတ်။ တကယ့်ကို မတတ်တာပါ။ |

This document is a product of the Orientation Technical Assistance Project, funded by the Office of Refugee Resettlement, Administration for Children and Families, Department of Health and Human Services, Grant No. 90RB0037. The views herein do not necessarily represent views held by the Office of Refugee Resettlement.

| | | |
|---|---|---|
| 8:15-8:31 | Ma Khin Nwe Nwe, Burma | If you have good health and are able to work, you can earn a lot of money, which will be very good for your life. If, however, you aren't healthy enough to work, you will face difficulties.<br><br>တကယ်လို့ ကျန်းမာတယ် အလုပ်လုပ်နိုင်တယ်ဆိုရင် ဝင်ငွေများများရနိုင်ပါတယ်။ ဒါကိုယ့်ဘဝအတွက် အင်မတန်ကောင်းပါတယ်။ ဒီလိုမှမဟုတ်ပဲ ကျန်းမာရေးမကောင်းဘူး၊ အလုပ်မလုပ်နိုင်ဘူးဆိုရင်တော့ အခက်အခဲတွေနဲ့ ရင်ဆိုင်ရမှာပါ။ |
| 8:47-8:03 | Salah Razoqi, Iraq | My advice for the refugees is to be patient. That's the most important thing. They shouldn't rush and they should take everything step by step.<br><br>ဒုက္ခသည်တွေကို ကျနော်အကြံပြုချင်တာကတော့ စိတ်ရှည်ပါ။ ဒါအရေးအကြီးဆုံးပါပဲ။ ဘယ်အရာကိုမှ အလောမကြီးပါနဲ့ ။ အားလုံးကို တဆင့်ပြီးမှတဆင့် သွားသင့်ပါတယ်။ |
| 9:05-9:37 | Shay Mahat, Somalia | Now I have few difficulties. I understand the system and I've gotten used to it. I can go places myself. All I can tell them is that this place is good. America is good, it's not like Somalia.<br><br>ခုကျနော့်မှာ အခက်အခဲသိပ်မရှိလှပါဘူး။ ဒီက စနစ်တွေကို ကျနော်နားလည်သလို ကျင့်သားလည်းရနေပါပြီ။ တယောက်ထဲလည်း သွားလာတတ်နေပါပြီ။ ဒီနေရာမှာ ကောင်းတဲ့နေရာဖြစ်တယ်ဆိုတာကိုပဲ သူတို့ ကိုပြောချင်ပါတယ်။ အမေရိကန်နိုင်ငံကကောင်းပါတယ်။ ဆိုမားလီးယားနိုင်ငံလိုမဟုတ်ပါဘူး။ |
| 9:46-10:36 | Moti and Kaushila Rizal, Bhutan | Everything is fine so far, but we don't know what will happen in the future. We can't work. We don't know what will happen then. We want at least one of our sons to study. The youngest son doesn't even work. I have a dream that he will study. We're uncertain about our future. Sometimes I worry that we won't be able to pay the rent. That's what I feel.<br><br>ခုချိန်အထိတော့ အားလုံးအဆင်ပြေပါတယ်။ ဒါပေမယ့် ရှေ့ ဘာဆက်ဖြစ်လာမလဲဆိုတာကိုတော့ မသိသေးဘူးပေါ့။ |

This document is a product of the Orientation Technical Assistance Project, funded by the Office of Refugee Resettlement, Administration for Children and Families, Department of Health and Human Services, Grant No. 90RB0037. The views herein do not necessarily represent views held by the Office of Refugee Resettlement.

| | | |
|---|---|---|
| | | အလုပ်မလုပ်နိုင်ဘူးဆိုရင် ဘာဖြစ်လာမလဲ မသိဘူးလေ။ သားထဲက အနည်းဆုံးတယောက်ကိုတော့ ကျောင်းတက်စေချင်ပါတယ်။ အငယ်ဆုံးသားကတော့ အလုပ်တောင်မလုပ်ပါဘူး။ သူကျောင်းတက်နိုင်ဖို့ ပဲ ကျမမျှော်လင့်ပါတယ်။ ကျမတို့ အနာဂတ်ဟာ မသေချာမရေရာပါပဲ။ တခါတလေတော့လည်း အိမ်ငှားခပေးနိုင်ပါ့မလားလို့ စဉ်းစားပြီး စိုးရိမ်ရပါတယ်။ ဒီလိုပဲ ကျမခံစားနေရပါတယ်။<br><br>I think if we get educated and learn things, then we will be able to do something in this country. Even if I can't, I want my kids to.<br><br>ကျနော်ထင်တယ် တကယ်လို့ ကျနော်တို့ ပညာတတ်ပြီး သင်ကြားမှတ်ယူတယ်ဆိုရင် ဒီတိုင်းပြည်မှာ တခုခုတော့ လုပ်နိုင်မယ်လို့ ထင်ပါတယ်။ ကျနော်ကိုယ်တိုင် မလုပ်နိုင်ဘူးဆိုရင်တောင် ကျနော့်သားသမီးတွေ တခုခုလုပ်တာကို ကျနော်မြင်ချင်ပါတယ်။ |